နားအယ်ကျေးရွာ

နမ့်ယွန်းကျေးရွာအုပ်စု၊ မိုင်းဖြတ်မြို့နယ်

ရှမ်းပြည်နယ်(အရှေ့ဝိုင်း)

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်

ဖွံ့ဖြိုးရေးလုပ်ငန်းများ)

(၂၀၂၃-၂၀၂၄)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ နားအယ်ကျေးရွာ

(မိုင်းဖြတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကူအညီဖြင့်

ရေးဆွဲပါသည်)

ဩဂုတ်လ၊ ၂၃

မာတိကာ

၁။ တည်နေရာနှင့်ပထဝီအနေအထား

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

(ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(ဂ) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား_မရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ(၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ(၂) - ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

၁။ တည်နေရာနှင့်ပထဝီအနေအထား

နားအယ်ကျေးရွာသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်၊ နမ့်ယွန်းကျေးရွာအုပ်စုတွင် တည်ရှိလျက်ရှိပြီး၊ မိုင်းဖြတ်မြို့ တောင်ဘက် မြို့မဈေးနှင့် (၁၂/၀)မိုင် ခန့်အကွာတွင်တည်ရှိပါသည်။ လဒ်တီကျူ ၂၀.၈၇၇၄၀၊ လောင်ဂျီကျူ ၉၉.၈၂၁၅ အညွှန်းရှိပါသည်။ နားအယ်ကျေးရွာတွင် အိမ်ခြေ (၅၀)၊ အိမ်ထောင်စု(၅၀)၊ လူဦးရေ(၁၈၅)ဦး နေထိုင်ကြပါသည်။ မြို့နယ်နိမိတ်နှင့် ဆက်စပ်လျက်ရှိပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သောကြောင့် ရာသီမရွေးသွားလာရအဆင်ပြေပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ မိုးရေချိန်မှာ ပျမ်းမျှ (၄၀လက်မမှ၆၀လက်မ)ကြား ရွာသွန်းလေ့ရှိ သဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် သင့်တော်သော အခြေအနေ ရှိပါသည်။

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

နားအယ်ကျေးရွာ၏ ရာသီဥတုအခြေအနေမှာ သာမာန်အားဖြင့် နွေရာသီတွင် အပူချိန် ၃၁ ဒီဂရီစင်တီဂရိတ်အထိ အမြင့်ဆုံးရှိပြီး အနိမ့်ဆုံးအခြေအနေတွင် ၂၁ဒီဂရီစင်တီဂရိတ်ရှိတက်ပါသည်။ သဘာဝပေါက်ပင်များအနေဖြင့် ဝါး၊ မယ်ဇလီနှင့်သစ်မာပင်များ မြရာပင်များ ပေါက်ရောက် လျှက်ရှိပါသည်။ စပါး၊ ရော်ဘာပင်များ၊ ပြောင်းဖူး၊ ကျဲကော၊ သခွား၊ ရှောက်၊ သံပုရာ၊ ဝိန်္ဒပင်များနှင့် သစ်ခေါက်ပင်အနည်းငယ်သာစိုက်ပျိုးကြပြီး ရောင်းချရန်နှင့် စားသုံးရန် အတွက်စိုက်ပျိုးပါသည်။ စိုက်ပျိုးမြေဧက(၄၀.၅)ခန့်ရှိပြီး စိုက်ပျိုးရေကို မိုးရေနှင့် စိမ့်စမ်းရေကိုသွယ်ယူ အသုံးပြုကြသည်။ သို့ရာတွင် စိမ့်စမ်းရေကိုသောက်ရေ၊ သုံးရေအတွက် အဓိကအသုံးပြုနေရပြီး ရေထွက်ပေါက်နှင့် ကျေးရွာအကွာအဝေးမှာ (၁၀/၀)မိုင်ခန့်ကွာဝေးပါသည်။ကျေးရွာ ပတ်ဝန်းကျင်တွင် လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေများဖြင့် အမြဲတမ်း စိမ်းလန်းစိုပြေသော ကျေးရွာလေးတစ်ရွာ ဖြစ်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမံခန့်ခွဲမှုအခြေအနေ

နားအယ်ကျေးရွာတွင်လားဟူလူမျိုးအများစု နေထိုင်ကြပါသည်။ ကျေးရွာတွင်းတွင် ဘာသာရေးကိုအခြေခံသောအဖွဲ့ ၊ လူမှုရေးကို အခြေခံ သောအဖွဲ့၊ ကျန်းမာရေးကို အခြေခံသောအဖွဲ့၊ ပညာရေးကိုအခြေခံသောအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက် သောအဖွဲ့များရှိပါသည်။ ၄င်းအဖွဲ့အစည်းများသည် ၄င်းတို့၏ အခန်းကဏ္ဍအလိုက် သက်ဆိုင်ရာ တာဝန်များကို ထမ်းဆောင်လျှက်ရှိသည်။ ကျေးရွာရှိအဆိုပါအဖွဲ့အစည်းများမှာ အပြန်အလှန်ယုံကြည်မှု၊ တာဝန် ယူမှု၊တာဝန်ခံမှု အပြည့်ရှိကြသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက် ဆောင်ရွက်မှု အားကောင်း သော်လည်း အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန်လာနိုင်ပါသည်။

နားအယ်ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အုပ်ချုပ်ရေးမှူး(သူကြီး)နှင့် ကျေးရွာရပ်မိရပ်ဖများ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် ပူးပါင်းညှိနှိုင်း၍ ဘာသာရေးဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သာသနာ့အကျိုးတော်ဆောင်များဖြစ်သော ဆရာတော်မှဦးဆောင်၍ ဘာသာရေး

လုပ်ငန်းများတွင်စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ပညာရေးဆိုင်ရာလုပ်ငန်းများတွင် စာသင် ကျောင်း၏ ဆရာ/ဆရာမ များမှဦးဆောင်၍ စီမံခန့်ခွဲ၍ဆောင်ရွက်ခြင်း၊ ကျန်းမာရေး ဆိုင်ရာလုပ်ငန်း များတွင် ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် နာရေးလူမှုကူညီရေးအသင်း ဖွဲ့စည်း၍ စီမံဆောင် ရွက်စေခြင်းစသည်ဖြင့် အဖွဲ့အစည်းလိုက်တာဝန်ပေးအပ်၍ လုပ်ကိုင်ဆောင်ရွက် ကြပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

နားအယ် ကျေးရွာတွင် ၁၂.၅ ဧကအထက် တောင်သူကြီး(၁) အိမ်ထောင်စု၊ ၅ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၃)အိမ်ထောင်စု၊ ၂.၅ဧကမှ ၅ ဧကကြား တောင်သူငယ် (၅) အိမ်ထောင်စု နှင့် ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၄၁)အိမ်ထောင်စုရှိပြီး မြေယာမဲ့ အိမ်ထောင်စု မရှိပါ။ အများစုမှာလယ်၊ယာနှင့် ဒုတိယအများစုမှာ ဥယျာဉ်ခြံများဖြစ်ပြီး စပါးကို အဓိကထား စိုက်ပျိုး ကြပါသည်။ ဥယျာဉ်ခြံမြေများတွင် သခွားသီး၊ ချဉ်ပေါင်၊ နံနံပင်၊ မုန်ညင်းပင်များ စသဖြင့် ရာသီစာ သီးနှံပင်များ စိုက်ပျိုးကြသည်။ စိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်ကြသော တောင်သူများအနေဖြင့် ရာသီဥတုကောင်းလျှင် သီးနှံများထွက်နှုန်း ကောင်းမွန်၍ ဈေးကွက် ကောင်းမွန်လျှင် အကျိုးအမြတ် များ စွာရရှိပြီး ရာသီဥတုဖောက်ပြန်ပါက သီးနှံအထွက်နှုန်း မကောင်း ၍ အကျိုးအမြတ်နည်းခြင်း ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရတက်ပါသည်။

ကျေးရွာ၏ လယ်ယာစိုက်ပျိုးရေးမှာ စပါး၊ ကောက်ညှင်းကိုသာ အဓိက စိုက်ပျိုးကြသဖြင့် လိုအပ်သည့် ရေကို မိုးရေနှင့် စိမ့်စမ်းရေများမှ ရရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် ရေစုပ်စက် (၁)လုံး ရှိပါသည်။ စပါးအနေဖြင့် တစ်ဧကပျမ်းမျှ (၆၀)တင်းနှင့် ကောက်ညှင်းတစ်ဧက ပျမ်းမျှ (၅၅) တင်းခန့်ထွက်ရှိပါသည်။

မွေးမြူရေးကို ကျေးရွာရှိ အိမ်တိုင်းတွင် စားသုံးရန်အလို့ငှာကျွဲ၊နွား၊ ကြက်၊ ဝက်များ မွေးမြူ ကြပြီးစီးပွားဖြစ် တစ်ပိုင်တစ်နိုင်ရောင်းချရန် အတွက်လည်း မွေးမြူကြောင်း တွေ့ရှိရပါသည်။ မွေးမြူ ရေး နှင့် ပတ်သက်သည့်နည်းပညာများ၊ ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ အားနည်းသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိသည့်အပြင် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်း ပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင် ကျေးရွာသူ/သားများအားလုံး သန့်ရှင်းသောသောက်သုံးရေရရှိရန် စိမ့်စမ်းရေ သွယ်ယူခြင်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှ ဆောင်ရွက်မည်ဖြစ်ပါသည်။

လျှပ်စစ်မီးရရှိရန် တစ်အိမ်သုံးဆိုလာမီးကိုသာ အသုံးပြုနေကြပါသည်။ ဆိုလာမီးအသုံးမပြုနိုင်သေးသော အိမ်ထောင်စုများမှာ ဖယောင်းတိုင်၊ ထင်းမီးဖိုများမွေး၍ အသုံးပြုကြပါ သည်။

(ဃ) ပညာရေး

ကျေးရွာ၏ပညာရေးမှာ အများစုသည် လားဟူတိုင်းရင်းသားများဖြစ်သောကြောင့် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကိုသာ တက်မြောက်ကြပြီး တက္ကသိုလ်ဘွဲ့ရသည်အထိ ကျောင်းဆက်တက်ခြင်းမှာ အနည်းငယ်သာ တက်ရောက်ကြောင်း တွေ့ရပါသည်။ ကျေးရွာမှ ကလေးငယ်များ စာတက်မြောက်စေရန် ကျေးရွာနှင့် မလှမ်းမကမ်းတွင်ရှိ အလယ်တန်းနှင့် အထက်တန်း ပညာရေး အတွက် မြို့မအမှတ်(၁) အခြေခံပညာအထက်ကျောင်းနှင့် ၁၂ မိုင်ခန့်သာ ကွာဝေးသော်လည်း လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်သောကြောင့် ပညာရေးအတွက် အလားအလာ ကောင်းတစ်ခု အဖြစ် သတ်မှတ်ရပါသည်။ သို့ရာတွင် မိရိုးဖလာစိုက်ပျိုးရေးနှင့် တစ်ပိုင်တစ်နိုင်စားသုံးရန်မွေးမြူရေး လုပ်ကိုင်ကြပြီး အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်း များဖြင့် ဝင်ငွေရှာရန် တတ်ကျွမ်းမှု မရှိခြင်း၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများတက်ရောက်ရန် လက်လှမ်းမီမှုအခြေ အနေမှာ အသင့်အတင့် ရှိကြောင်းတွေ့ရှိရပါသည်။

(c) ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ဆီးချို၊ သွေးတိုးရောဂါနှင့် ရာသီတုတ်ကွေးဖျားနာမှုအနည်းငယ်သာရှိကြပါသည်။ ကူးစက်ရောဂါဖြစ်ပွားမှု မရှိသလောက်နည်းပါးပါသည်။ ကျေးရွာသူ/သားများသည် လယ်/ယာ၊ ဥယျာဉ်ခြံများမှထွက်သော သီးနှံများကို စီးပွားဖြစ်ရောင်းချမှုထက် စားသုံးဖို့အဓိကစိုက်ပျိုးကြခြင်း၊ကျွဲ၊နွား၊ ကြက်၊ ဝက်၊ ငါးများကို လည်းအာဟာရပြည့်ဝစေရန် လုံလောက်စွာစားသုံးရခြင်းကြောင့် ကလေးသူငယ်များနှင့် သက်ကြီး ရွယ်ကြီး အဖိုး၊ အဖွားများအတွက် အာဟာရချို့တဲ့မှု မရှိကြပါ။ အမျိုးသမီးများ၊ ကလေးသူငယ် များနှင့်သက်ကြီးရွယ်ကြီးများသည် ကျေးရွာရှိ ကျေးလက်ဆေးပေးခန်းမှ ကျန်းမာရေး စောင့်ရှောက်မှုရရှိကြပါသည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက်လည်း ကျန်းမာရေးဌာနမှ ကာကွယ်ဆေးထိုးနှံခြင်း၊ အပတ်စဉ်၊ လစဉ်ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးလျှက်ရှိပါသည်။ ကုသရန် ခက်ခဲသောအနာရောဂါများ၊ နာတာရှည်ရောဂါများဖြစ်ပွားခြင်းအတွက် မိုင်းဖြတ်မြို့နယ် ပြည်သူ့ဆေးရုံသို့ တက်ရောက်ကာ ဆေးကုသမှုခံယူကြပါသည်။

(စ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာမှလယ်မြေနှင့်ဥယျာဉ်ခြံမြေစိုက်ခင်းများတွင် နှစ်စဉ် ဆန်စပါး၊ ကောက်ညှင်းဆန်များ စိုက်ပျိုးခြင်း၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကို စနစ်တကျအသုံးပြုမှုနည်းပါးခြင်း၊ စွန့်ပစ်

ပစ္စည်းများကို နည်းစနစ်မှန်မှန်မစွန့်ပစ်ခြင်းကြောင့် တောင်သူများ၏ လယ်ယာစိုက်ခင်းများ မြေဆီမြေလွှာဆုံးရှုံးပျက်စီးခြင်းတို့ ကြုံတွေ့နိုင်ပါသည်။ ထို့ကြောင့် စွန့်ပစ်အမှိုက်များ စနစ်တကျ စွန့်ပစ်နိုင်ရန် ပညာပေးမှုများ စီမံချက်များရေးဆွဲ၍ ပညာပေးနိုင်ပါက အကျိုးပြုနိုင်ပါသည်။

(ဆ) ကျား-မ ရေးရာ

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်သာမက လယ်ယာလုပ်ငန်းခွင်များ၊ အရောင်းအဝယ်လုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများတွင်လည်း အမျိုးသားများနည်းတူ အမျိုးသမီးများ ပါဝင်ဆောင်ရွက်ကြပါသည်။ ဘာသာရေးပွဲများ၊ ရိုးရာဓလေ့ပွဲတော်များ (သီတင်းကျွတ်ပွဲတော်၊ သင်္ကြန်ပွဲတော်)ကောက်သစ်စားပွဲတော် နှင့် နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲများတွင် အမျိုးသား၊ အမျိုးသမီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည်။ ကျောင်းပညာရေးတွင် ကျား၊မတန်းတူ ပညာဆည်းပူး ခွင့်ရှိကြပါသည်။ သို့ရာတွင် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ ပါဝင်မှုမရှိပါ။

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	ရေနှင့်သန့်ရှင်းရေးကဏ္ဍ	စိမ့်စမ်းရေသွယ်ယူခြင်း	၁
၂	လမ်းပန်းဆက်သွယ်ရေးကဏ္ဍ	ကုန်ထုတ်လမ်း	၂
၃	အဆောက်အဦကဏ္ဍ	ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်း	၃
၄	အဆောက်အဦကဏ္ဍ	ကျေးရွာဆေးပေးခန်းတည်ဆောက်ခြင်း	၄
၅	မီးလင်းရေးကဏ္ဍ	ဆိုလာမီးရရှိရေး	၅


နောက်ဆက်တွဲ(၁)

ဖွံ့ဖြိုးရေးဗျူဟာဇယား


ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့်အရင်းအနှီး များ/ အခြေအနေကောင်းများ	ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာ ဖြေရှင်းနည်း လမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
ကဏ္ဍ - လမ်းပန်းဆက်သွယ်ရေးကဏ္ဍ					
ယာထွက်သီးနှံများသယ်ယူရခက်ခဲခြင်း	မြေသားလမ်းဖြစ်ခြင်းကြောင့် မိုးရာသီတွင်ရွံ့ဗွက်များထခြင်းကြောင့် သွားလာရ အဆင်မပြေခြင်း	လုံလောက်သောလမ်း အကျယ်ရှိခြင်း	နည်းပညာနှင့် ငွေကြေးမတက်နိုင်ခြင်း	စုပေါင်းအင်အားဖြင့် ဆောင်ရွက်ခြင်း	ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း
ကဏ္ဍ - အဆောက်အဦကဏ္ဍ					
လူမှုရေးကိစ္စများ ဆောင်ရွက်ရန် နေရာအဆင်မပြေခြင်းနှင့်ကျန်းမာရေးကိစ္စဆေးပြရခက်ခဲခြင်း	လူမှုရေးကိစ္စများ ဆောင် ရွက်ရန် နေရာအဆင်မပြေခြင်းနှင့်ဆေးပြရခက်ခဲခြင်း	မြေနေရာရှိခြင်း	နည်းပညာနှင့် ငွေကြေးမတက်နိုင်ခြင်း	စုပေါင်းအင်အားဖြင့် ဆောင်ရွက်ခြင်း	ဘက်စုံသုံးခန်းမတည် ဆောက်ခြင်းနှင့်ကျေး လက်ဆေးပေးခန်း တည်ဆောက်ခြင်း
ကဏ္ဍ - ရေနှင့်သန့်ရှင်းရေးကဏ္ဍ					
လူမှုရေးကိစ္စများ	ရေအသုံးပြုရန်မလုံ	ရေအရင်းအမြစ်ရှိခြင်း	နည်းပညာနှင့်	လိုအပ်သလောက်သာ	စိမ့်စမ်းရေသွယ်ယူခြင်း

ဆောင်ရွက်ရန် နေရာအဆင်မပြေခြင်း	လောက်ခြင်း		ငွေကြေးမတက်နိုင်ခြင်း	အသုံးပြုနိုင်ရေး	
ကတ္ထာ - မီးလင်းရေးကတ္ထာ					
လျှပ်စစ်မီးသွယ်တန်းရန် ခက်ခဲခြင်း	တောင်ပေါ်ဒေသဖြစ် နေခြင်း	ဆိုလာမီးတပ်ဆင်ရ အသုံးပြုရအဆင်ပြေခြင်း	နည်းပညာနှင့် ငွေကြေးမတက်နိုင်ခြင်း	စုပေါင်းအင်အားဖြင့် ဆောင်ရွက်ခြင်း	ဆိုလာမီးရရှိရေး


မိုင်းဖြတ်မြို့နယ်၊ နမ့်ယွန်းကျေးရွာအုပ်စု၊ နားအယ်ကျေးရွာတည်နေရာနှင့်သယ်ဇာတပြမြေပုံ



နားအယ်ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့် ပြင်ပအဖွဲ့အစည်းများ ဆက်သွယ်မှုပြသည့်ပုံ



နားအယ်ကျေးရွာ၏ ရာသီခွင်ပြပြကွဒိန်



နားအယ်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များ ဖွဲ့စည်းထားရှိမှုစာရင်း

စဉ်	အမည်	အဘအမည်	နိုင်ငံသားစိစစ်ရေးကဒ် အမှတ်	ရာထူး	ဖုန်းအမှတ်	မှတ်ချက်
၁	ဦးအာဗေလ	ဦးကျဖီး	၁၃/ကတန(နိုင်) ၁၇၄၇၇၈	ဥက္ကဋ္ဌ	၀၉-၄၀၅၄၅၅၂၂	
၂	ဦးယာတီ	ဦးကျဝ	၁၃/မဖန(နိုင်) ၀၀၄၈၄၈	အတွင်းရေးမှူး		
၃	ဦးလောတား	ဦးကျဖိတ်	၁၃/မဖန(နိုင်) ၀၁၀၃၂၆	ဘဏ္ဍာရေးမှူး		
၄	ဒေါ်နာအူ	ဦးထက်ရဲ	၁၃/မဖန(နိုင်) ၀၀၈၉၂၉	စာရင်းကိုင်		
၅	ဦးကျစော	ဦးကျလယ်	၁၃/မဖန(နိုင်) ၀၀၄၀၇၂	ဝယ်ယူရေးဥက္ကဋ္ဌ		
၆	ဦးကျရှိး	ဦးယာတီ	၁၃/မဖန(နိုင်) ၀၃၆၆၈၉	အဖွဲ့ဝင်		
၇	ဦးယောလှ	ဦးကျနူ	၁၃/မဖန(နိုင်) ၁၇၄၇၂၃	အဖွဲ့ဝင်		

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၆	၃	၉		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၁	၉	၂၀		-
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၇	၁၂	၁၉		-
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၀	၅	၁၅	၁	
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၆၆	၅၁	၁၁၇		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၂	၃	၅		
စုစုပေါင်း		၁၀၂	၈၃	၁၈၅		
စုစုပေါင်း အိမ်ထောင်စု		၅၀				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့် သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ် မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက်(၆၅) နှစ်မပြည့်မီအရွယ်၊ အသက် ၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက်(၆၅)နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့် အရွယ်များကို ဆိုလို သည်။

လေ့လာတွေ့ရှိချက်။။။ နားအယ်ကျေးရွာသည် အိမ်ထောင်စု (၅၀)အိမ်ရှိပြီး ပျမ်းမျှမိသားစုဝင် (၄)ဦး ရှိ ကြောင်း၊ လူဦးရေစုစုပေါင်း(၁၈၅)ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့ အရွယ် ကျား(၆)ဦး၊မ(၃)ဦး ပေါင်း (၉)ဦးရှိပြီး(၄.၈၆%)၊၅နှစ် အောက်ကလေးငယ် အရွယ် (၁၀.၈၁%)၊ မူလတန်းကျောင်းသား အရွယ် (၁၀.၂၇%)၊ အလယ်တန်းကျောင်းသားအရွယ် (၈.၁၁%)၊ အလုပ်လုပ် နိုင်သည့်အရွယ် (၆၃.၂၄ %)၊ သက်ကြီးအရွယ် (၂.၇၁%) ရှိပါသည်။ ကျောင်းတက်ရောက်နိုင်မှု(၃၄.၆၀%) ရှိခြင်းကြောင့် စာတတ်မြောက်မှုမှာ အသင့်အတင့်ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄)ဦးနှုန်းထက် အနည်းငယ် များပြားပြီး ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုး တက်ရေး အတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင်လုပ်ငန်း	၂၈	၁၅၀	၄	၈၀	၇၀		မြင့် ✓ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃	၁၆		၇	၉		မြင့် ☐ လတ်☐ နိမ့် ☐
၂	တိရစ္ဆာန် မွေးမြူရေး							
	ကိုယ်ပိုင်လုပ်ငန်း	၁၉	၂၃		၁၀	၁၃		မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင်							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□နိမ့် □
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင်လုပ်ငန်း			-				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၇	ပညာရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း							☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”အရေအတွက်တွင်“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ “ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)” ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -“စိုက်ပျိုးရေး” ကဏ္ဍ၏ “ကိုယ်ပိုင်လုပ်ငန်း”တွင်ရပ်တည်နိုင်မှု “မြင့်” ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ နားအယ်ကျေးရွာရှိ အိမ်ထောင်စုအားလုံးသည် ကိုယ်ပိုင်စိုက်ပျိုးရေးကိုသာ အဓိကထားလုပ်ကိုင်ကြပါသည်။ မွေးမြူရေးလုပ်ငန်းမှာ နွားကျွဲ၊ဝက်၊ကြက်၊ဘဲ၊တို့ လုပ်ကိုင်ကြပြီး စားသောက်ရန်အတွက်သာ မွေးမြူကြပြီး စီးပွားရေးအတွက် မွေးမြူခြင်းနည်းပါးပါသည်။ အခြားလုပ်ငန်း လုပ်ကိုင်သူဦးရေ အနည်းငယ်သာရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန္ဓာန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန္ဓာန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၂၀၀၀၀	၁၅၀၀၀	၁၂၀၀၀	၁၀၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၂၀၀၀၀	၁၅၀၀၀	၁၂၀၀၀	၁၀၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။။။ စိုက်ပျိုးရေးအတွက် နေ့စားလုပ်ကိုင်သူများရှိပြီး ကျား၊မခွဲခြား သတ်မှတ်ထားခြင်း မရှိဘဲ ပျမ်းမျှ (၁၀၀၀၀)ကျပ်သာ ရရှိကြောင်း တွေ့ရှိရပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းများတွင် ပန်းရံ၊ လက်သမား လုပ်ကိုင်သူ အနည်းငယ်ခန့်ရှိပြီး ကျား၊မ လုပ်အားခမှာ အနည်းငယ် ကွာဟမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၅.၅	ကောင်း ✓	သင့်□	ညံ့ □
ယာမြေ / တောင်ယာမြေ	၃၅	ကောင်း □	သင့်✓	ညံ့ □
ဥယျာဉ်ခြံမြေ		ကောင်း □	သင့်✓	ညံ့ □

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)
ကိုင်း/ကျွန်းမြေ		ကောင်း ☐ သင့်☐ ညံ့ ☐
ခနိတောမြေ		ကောင်း ☐ သင့်☐ ညံ့ ☐
စားကျက်မြေ		ကောင်း ☐ သင့်✓ ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐ သင့်☐ ညံ့ ☐
စုစုပေါင်း	၄၀.၅	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။။ နားအယ်ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းအဓိကလုပ်ကိုင်သည့် ကျေးရွာဖြစ်သည့်အတွက် အိမ်တိုင်းတွင် လယ်မြေ၊ ယာမြေနှင့် ဥယျာဉ်ခြံ တို့ ပိုင်ဆိုင်ကြပြီး သီးနှံစိုက်ပျိုးရန် မြေဆီမြေလွှာအရည်အသွေးသည်လည်း ကောင်းမွန်သောကြောင့် အိမ်ထောင်စုဝင်မိသားစုများအတွက် ဝမ်းစာဖူလုံမှုရှိကြောင်း တွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐မရှိ ✓	လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
များ)			
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ □ သင့်□ နည်း □ မရှိ ✓	လွယ် □ ခက်□ အသုံးမပြုနိုင်ပါ □	လျော့ □ တိုး □ အပြောင်းအလဲမရှိ □
ရေ - မြေပေါ်ရေ (အင်းအိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ✓ သင့်□ နည်း □ မရှိ □	လွယ် ✓ ခက်□ အသုံးမပြုနိုင်ပါ □	လျော့ ✓တိုး □ အပြောင်းအလဲမရှိ □
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ □ သင့်□ နည်း □ မရှိ □	လွယ် □ ခက်□ အသုံးမပြုနိုင်ပါ □	လျော့ □ တိုး □ အပြောင်းအလဲမရှိ □
သစ်တော - အပူပိုင်းသစ်တော	များ □ သင့်□ နည်း □ မရှိ □	လွယ် □ ခက်□ အသုံးမပြုနိုင်ပါ □	လျော့ □ တိုး □ အပြောင်းအလဲမရှိ □
သစ်တော - ဒီရေတောများ	များ □ သင့်□ နည်း □ မရှိ □	လွယ် □ ခက်□ အသုံးမပြုနိုင်ပါ □	လျော့ □ တိုး □ အပြောင်းအလဲမရှိ □

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။ လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သောက်သုံးရေအတွက် စိမ့်စမ်းရေကို ပိုက်နှင့် သွယ်တန်းအသုံးပြုကြပြီး မိုးရာသီတွင် ရေလုံလောက်စွာရရှိသုံးစွဲ၍ နွေနှင့်ဆောင်းရာသီတွင် နေပူပြင်းသည့်အချိန်မှ လွဲ၍ ကျန်အချိန်များတွင် ရေထွက်ကောင်းကြောင်းတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	အသင့်အတင့်	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်	ညံ့	အလွန်ညံ့

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
		ကောင်း		
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၄	၅	၄၁	

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဥစ္စာဓနအဆင့်အခြေအနေအရ အဆင်ပြေသောအိမ်ထောင်စုများမှာ (၄)အိမ်ထောင်စု၊ အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ(၅)စု၊ မပြေလည်သောအိမ်ထောင်စု(၄၁)စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စုမှာမရှိသည့်အတွက် စီးပွားရေးကွာဟမှု အသင့်အတင့်သာကွာဟမှုရှိကြောင်းတွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃လနှင့်၆လကြားဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆လမှ၁၂လအထိဝမ်းစာဖူလုံမှု	၄၁		အခြားအစာပြောင်းလဲစား = _____၃၆_____ အစာလျှော့စား = _____၅_____

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
			အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။။။ ဓနအဆင့်သတ်မှတ်ချက်အရ မပြေလည်သောအိမ်ထောင်စု ရှိသော်လည်းကိုယ်ပိုင် စိုက်ပျိုးရေးနှင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ကိုင်စားသောက်ကြပြီး မိသားစုဝင်ဦးရေနည်းပါးသဖြင့် ဝမ်းစာဖူလုံမှုရှိကြောင်း တွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။။။ မိသားစုဝင်မရှိခြင်း၊ မိသားစုဝင်များ သေဆုံးခြင်းကြောင့် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွက်အို များအား အထူးစောင့်ရှောက်မှုပြုရန် မတွေ့ရှိရပါ။

(c-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	✓			✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၂	လျှပ်တပြတ်ရေကြီးခြင်း	✓			✓		
၃	မုန်တိုင်းဒီရေ	✓			✓		
၄	ဆူနာမီ	✓			✓		
၅	တိုင်ဖုန်းမုန်တိုင်း	✓			✓		
၆	လေဆင်နာမောင်း	✓			✓		
၇	ငလျင်	✓			✓		
၈	အပူလှိုင်း	✓			✓		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	✓			✓		
၁၀	အအေးလှိုင်း	✓			✓		
၁၁	မိုးသီးကြွေကျမှု	✓			✓		
၁၂	မိုးခေါင်ခြင်း	✓			✓		
၁၃	တောမီးလောင်ခြင်း		✓		✓		
၁၄	မြစ်ကမ်းပါးပြိုခြင်း	✓			✓		
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✓			✓		
၁၆	မြေပြိုခြင်း	✓			✓		
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✓			✓		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	✓			✓		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	✓			✓		
၂၀	သစ်တောပြုန်းတီးခြင်း	✓			✓		
၂၁	၄က်ဖျားရောဂါ	✓			✓		
၂၂	တီဘီရောဂါ		✓		✓		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✓			✓		
၂၄	ကပ်ရောဂါ	✓			✓		
၂၅	ပြည်တွင်းပဋိပက္ခ	✓			✓		
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု		✓			✓	

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၂၇	လူကုန်ကူးခြင်း	✓				✓	
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်	✓				✓	

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်းစသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀ အိမ်ထောင်စု – လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်) လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည်မြေပြန့်ပိုင်းတွင်တည်ရှိသောကြောင့် လေတိုက်ခတ်မှုဒဏ်ခံရနိုင်ပါသည်။ အကြောင်းအရင်းမှာ လူဦးရေတိုးလာခြင်းနှင့် မြေပြန့်ပိုင်းဖြစ်သည့်အတွက် သစ်ပင်များအား မီးရှို့ခြင်းနှင့် အိမ်သုံးလောင်စာအဖြစ် ထင်းနှင့်ဝါး အသုံးပြုမှုများသဖြင့် သစ်တောပြုန်းတီးမှု ဖြစ်ပေါ်နိုင်ခြင်း၊ တိဘီရောဂါနှင့် ကိုဗစ်ကပ်ရောဂါကြုံတွေ့ရမှုကို အထိုက်အလျောက် ခံစားရခြင်း၊ တစ်နိုင်တစ်ပိုင်မွေးမြူ ထားသည့်ကျွဲ၊ နွား၊ တိရိစ္ဆာန်များကူးစက်ရောဂါကျရောက်မှုများ အနည်းငယ်ဖြစ်ပွားလေ့ရှိပါသည်။

(ဂ-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်			✓	✓		
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	✓			✓		
၃	ဆင်းရဲသားတောင်သူ	✓			✓		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	✓			✓		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	✓			✓		
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေ	✓			✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
	ရာတွင်နေထိုင်သူများ						
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	✓			✓		
၈	မြေနိမ့်ဝိုင်းနေထိုင်သူများ	✓			✓		
၉	ငါးကန်ဝိုင်ရှင်များ	✓			✓		
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	✓			✓		
၁၁	လူနည်းစုလူမျိုးများ	✓			✓		
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	✓			✓		
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	✓			✓		
၁၄	ရွှေတွင်းလုပ်သားများ	✓			✓		
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ	✓			✓		
၁၆	နေရပ်ပြန်အခြေချသူများ	✓			✓		
၁၇	ရွှေ့ပြောင်းလုပ်သားများ	✓			✓		
၁၈	ကားမောင်းပြီးအသက်မွေးသူများ	✓			✓		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ လူငယ်များသည် ကျေးရွာ၏ (၄၃.၂၄)ရာခိုင်နှုန်းခန့်ရှိခြင်း၊ တောင်သူများမှာလည်း စိုက်ပျိုးရေးလုပ်ငန်းအပြင် အခြားအသက်မွေးကျောင်း လုပ်ငန်းမှ ဝင်ငွေရ လုပ်ငန်းထပ်တိုး၍ မရရှိခြင်းတို့ကြောင့် ထိခိုက် သက်ရောက်မှုခံရနိုင်ခြေ အနည်းငယ်ခန့်သာရှိနိုင်ပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	လူမှုရေးအဖွဲ့(ပြည်သူ့စစ်)	၁□၂✓၃□	၁၀		၁၀	ပညာရေး□ဘွေကြေး□ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့်ကာကွယ်ရေး✓	ကောင်း✓ သင့်□ ညံ့□
၂	ဘာသာရေးအဖွဲ့	၁✓၂□၃□	၅		၅	ပညာရေး□ဘွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း✓ သင့်□ ညံ့□
၃	ကျေးရွာအုပ်ချုပ်ရေးအဖွဲ့	၁□၂✓၃□	၅		၅	ပညာရေး□ဘွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး✓	ကောင်း✓ သင့်□ ညံ့□
၄	ဖွံ့ဖြိုးရေးအဖွဲ့	၁□၂✓၃□	၄	၃	၇	ပညာရေး□ဘွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း✓ သင့်□ ညံ့□
၅	ကျေးလက်ဖွံ့ဖြိုးရေး	၁□၂□၃□	၄	၃	၇	ပညာရေး□ဘွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓ လုံခြုံ၀ရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်✓ ညံ့□

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၆	သာသာရေး	၁□၂□၃□	၄	၃	၇	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး✓ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်✓ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စီးပွားရေးအခြေခံသောအုပ်စုမရှိသော်လည်း သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့်ကာကွယ်ရေးအဖွဲ့တို့ဖွဲ့စည်းထားပါသည်။ အဖွဲ့အစည်းများအားလုံးသည် စည်းလုံးညီညွတ်ပြီး ကိုယ့်အား ကိုယ်ကိုးစိတ်ဓါတ်ပြည့်ဝကြောင်းတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	စိုက်ပျိုးရေးရုံး	၁□၂□၃□၄□၅ခ၆□၇✓	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂	ဆေးရုံ	၁□၂□၃□၄□၅□၆□၇✓	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၃	ရဲစခန်း	၁□၂□၃□၄□၅□၆□၇✓	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၄	မွေးကုရုံး	၁□၂✓၃□၄□၅□၆□၇□	ပညာရေး□ကွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅	လ.ဝ.က ရုံး	၁□၂□၃□၄□၅□၆□၇✓	ပညာရေး□ကွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ နိုင်ငံတော်မှဒေသအကျိုး၊ ပြည်သူ့အကျိုးကိုထိရောက်စွာ ထမ်းဆောင်နိုင်စေရန် အလို့ငှာ ဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်း မရှိကြောင်းတွေ့ရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့		-	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၄၁	-	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၅	-	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၃	-	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၁	-	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၅၀	-	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိအိမ်ထောင်စုဝင်များသည်မြေယာမဲ့ မရှိပါ။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၆	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ	၃၀	တစ်နှစ်ပတ်လုံး✓ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ✓မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ✓
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။
လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ရေအရင်းအမြစ်မှာ စိမ့်စမ်းရေ အဓိကထားပြီး သုံးစွဲလျက်ရှိပြီး တစ်နှစ်ပတ်လုံး အသုံးပြုရန် ရေလုံလောက်မှုရှိကြောင်း တွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
ဆန်စပါး	၄၀.၅	တင်း	၆၀	၇၀	၆၅	၆	၁၀	မြင့်□လတ်✓နိမ့်□	မြင့်□လတ်□နိမ့်✓	မြင့်□လတ်□နိမ့်✓
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏အဓိကစိုက်ပျိုးသောသီးနှံမှာ ဆန်စပါးဖြစ်ပြီး အခြားစားသုံးရန်အတွက် ဖရုံ၊ခေါ်ပဲသီး၊ ဆလပ်၊ မုန်ညင်း၊ ဂေါ်ဖီပန်း၊ ဒေသကြိုက်သီးနှံများကို ရောင်းချရန်အတွက်အနည်းငယ်သာ စိုက်ပျိုးကြပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၁၁			-
လက်တွန်းထွန်စက်	၃			
အစေ့ချကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်				
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၁၄			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာရှိ လယ်ရှိသောအိမ်ထောင်စုများတွင် လက်တွန်းထွန်စက်(၃)လုံးရှိပြီး စီးပွားဖြစ်ငှားရမ်းသူဦးရေနည်းပါးပါသည်။ အခြားစိုက်ပျိုးရေးသုံးကိရိယာပိုင်ဆိုင်မှု မရှိပါ။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း□ကောင်း✓သင့်တင့်မျှတ□မဖြေဆိုပါ□
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ✓မဖြေဆိုပါ□
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ□အသင့်အတင့်ရှိ✓မဖြေဆိုပါ□
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်□ရသည်□မဖြေဆိုပါ□
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်□သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်✓မဖြေဆိုပါ□
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ဝယ်ယူရနိုင်သည်✓မဖြေဆိုပါ□
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ဝယ်ယူရနိုင်သည်✓မဖြေဆိုပါ□
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်□ရနိုင်သည်✓မဖြေဆိုပါ□
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်□ရနိုင်သည်✓မဖြေဆိုပါ□
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်□ သီးနှံများကိုရောင်းချနိုင်သည်□မဖြေဆိုပါ□
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊မိုးရေချိန်)	ထိခိုက်သည်□ မထိခိုက်ပါ □ မဖြေဆိုပါ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။
လေ့လာတွေ့ရှိချက်။။။ သီးနှံအထွက်တိုးမှုအတွက် အလားအလာကောင်းများစွာရှိသော်လည်း ကျေးရွာနေသူများအနေဖြင့် စိုက်ပျိုးနေကြသီးနှံ ထပ်ပို၍ ထုတ်လုပ်ရောင်းချနိုင်မှု မရှိကြောင်း တွေ့ရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း□ရာသီဥတုမမှန်□မဖြေဆိုပါ□
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ□လယ်ယာမြေဆုံးရှုံးမှုများသည်□ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်□ ပလပ်မြေများရှိသည်□

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
	ပလပ်မြေအသင့်အတင့်ရှိသည်□မဖြေဆိုပါ□
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ□
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ□
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့် အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ□
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ□
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ□
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ□ သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ✓မဖြေဆိုပါ□
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ□အသင့်အတင့်ကျ□အနည်းငယ်□မဖြေဆိုပါ□
ရာသီဥတုဒဏ်ခံနိုင်သည့်သီးနှံများနှင့်ပတ်သက်သောသတင်းအချက်အလက်လက်လှမ်းမီမှု	အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□
ရာသီအလိုက်ရာသီဥတုခန့်မှန်းချက်များနှင့် သီးနှံစီမံခန့်ခွဲမှုဆိုင်ရာအကြံဉာဏ်များလက်လှမ်းမီမှု	အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။။။ သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့် အခြားအော်ဂဲနစ်သွင်းအားစုများ အလွယ်တကူမရနိုင်ခြင်း၊ ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှုလက်လှမ်းမမီခြင်း၊ ရာသီဥတုဒဏ်ခံနိုင်သည့် သီးနှံများနှင့်ပတ်သက်သောသတင်းအချက်အလက် လက်လှမ်းမီမှုမရှိခြင်းနှင့် ရာသီအလိုက်ရာသီဥတုခန့်မှန်းချက်များနှင့် သီးနှံစီမံခန့်ခွဲမှုဆိုင်ရာ အကြံဉာဏ်များ လက်လှမ်းမီမှုမရရှိခြင်းတို့သည် အခက်အခဲများဖြစ်သော်လည်း ထွက်ရှိလာသောသီးနှံများကို ရောင်းချ ရန် အဝယ်ဒိုင်များ လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

